# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး

## သတ္တမနေ့ အစီအစဉ်

## [ ၂၁-၂- ၂၀၁၂ ]

## ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် သတ္တမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂) မှ စာအုပ် (၇၅)အုပ် လှူဒါန်းခြင်းအတွက် အမျိုးသားလွှတ်တော်က မှတ်တမ်း တင်ထားမည်ဖြစ်ကြောင်း ကြေညာခြင်း။

၆။ တနင်္သာရီတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော် စာကြည့်တိုက်အတွက် အလှူငွေလှူဒါန်းခြင်းကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ကြေညာခြင်း။

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာငွေးနိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **အိမ်မဲမြို့နယ်၊ ညောင်ဝိုင်းကြီးကျေးရွာ၊ တံခွန်တိုင်ကျေးရွာနှင့် မြောင်းမြမြို့နယ်၊ ကန်ကြီးကျေးရွာ ဆက်သွယ်ရေး မြေသားလမ်းအား ကျောက်ချောလမ်း ခင်းပေးရန်** နှင့် **အိမ်မဲမြို့နယ်၊ မဲဇလီစာဖြူစုနှင့် မြောင်းမြမြို့နယ်၊ ကန်ကြီး၊ ကျုံတုံးကျေးလက် မြေသားလမ်းအား ကျောက်ချောလမ်း ခင်းပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ချောက်မြို့နယ်၊ ငွေးပင်ကျေးရွာအုပ်စု၊ ငွေးပင်စံပြကျေးရွာတွင် သောက်သုံးရေ အခက်အခဲအား ဖြေရှင်းပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **မြောက်ဦးမြို့ ကုန်သည်တန်း ချောင်းကူးတံတားကို ကွန်ကရစ်တိုင်နှင့် အခင်းပျဉ်းကတိုး သစ်မာတို့ဖြင့် အမာခံတံတားအဖြစ် တည်ဆောက်ပေးရန်** နှင့် **မြောက်ဦးမြို့ပေါ်ရှိ ဗန္ဓုလတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **ကျုံပျော်-ရေကြည်-လေးမျက်နှာမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် နတ်စင်ငူ-ရေနက် ချောင်းကူးတံတား တည်ဆောက်ပေးရန်** နှင့် **ရေကြည်မြို့နယ်၊ ချင်းကုန်း-ငပိဆိပ် ကျောက်ချောလမ်း ပြီးမြောက်စေရေးအတွက် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **အုတ်ဖိုမြို့နယ် အတွင်းရှိ ခြောက်တင်းကွင်း၊ ကွဲဖြူမ၊ ရွာရှောင်၊ ဝိုင်း ကျေးရွာများ ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းများ၊ ဂုံညင်းတန်း၊ ဘုတ်သိုး၊ ဒီးဒူးပင်၊**

**ကန်သာယာ ကျေးရွာချင်းဆက်လမ်း** နှင့် **ကြက်ဆူတော၊ ထူးချောင်း၊ ကင်ပွန်းခြုံ၊ အိုးသည်ကုန်း ကျေးရွာချင်းဆက်လမ်းများအား ရာသီမရွေး သွားလာနိုင်သည့် လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ပန်းတနော် မြို့နယ်အတွင်း သန့်ရှင်းသော သောက်သုံးရေများ ရရှိရေးအတွက် လက်နှိပ် တုံကင်များ တူးဖော်ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးနိုန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **ကျီခါးမြို့နယ်ခွဲနှင့် ခမ်းပတ်မြို့နယ်ခွဲတို့အား ချိတ်ဆက်စေမည့် လမ်းကြမ်းအား ဆက်လက်၍ ဖောက်လုပ်ပေးရန်** နှင့် **မဏိပူရ မြစ်ဖြတ်တံတား တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၈။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း -

- ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

၉။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေး အပ်သည့် ပုဂ္ဂိုလ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း။

၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း -

(က) ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ခ ) ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

( ဂ ) ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(ဃ) ဦးငွေဝင်း(ခ)ဦးဇာယာဒ်ရော်မံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( င ) ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

၁၁။ ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်၍ အခြေခံပညာ/ အဆင့်မြင့်ပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တိုင်းနှင့်ပြည်နယ် အားကစားပြိုင်ပွဲများ၊ ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအား နိုင်ငံတစ်ဝန်းကျင်းပလျက် မျိုးဆက်သစ် ရွက်ပုန်းသီး အားကစားသမားများကို မွေးထုတ်ကာ ကြိုတင်ရွေးချယ် စခန်းသွင်း လေ့ကျင့်သွားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ခ ) ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)

( ဂ ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(ဃ) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

၁၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် သတ္တမနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် အဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။